# အားပေးတိုက်တွန်းမှု၏ စွမ်းအား

အကြီးမားဆုံးသော အောင်မြင်မှုကြီးများထဲမှ အချို့သော အကြောင်းအရာများက မိမိတို့ ချစ်ခင်နှစ်သက်သူ (သို့) ယုံကြည်ရသော မိတ်ဆွေသူငယ်ချင်း၏ အားပေးနှစ်သိမ့်သည့် စကားကို လိုက်နာခဲ့ခြင်း(သို့)ယုံကြည်စွာလုပ်နာဆောင်ရွက်ခဲ့မှုတို့ကြောင့် ဖြစ်ခဲ့ရသည်။ ယုံကြည်စိတ်ချမှုရှိသော ဇနီးသည် ဆိုဖီယာကြောင့်သာမဟုတ်ခဲ့လျှင် ကျွန်ုပ်တို့သည် နာသန်နီရယ်ဟောသရွန်း၏ နာမည်ကို စာပေပညာ၏ ကြီးကျယ်သော သူများ အမည်စာရင်းထဲတွင် ထည့်သွင်းမိမည်မဟုတ်ပေ။

နှလုံးကြေကွဲလျက်ရှိသော နာသန်နီရယ်သည် အိမ်သို့ပြန်၍ သူ၏ ကျရှုံးခြင်းနှင့် အကောက်ခွန်ရုံးအတွင်းတွင် အလုပ်မှ ဖြုတ်ပစ်ခြင်းခံရသည့်အကြောင်း ပြောသောအခါ သူမသည် ပျော်ရွှင်ဝမ်းမြောက်သည့် အာမေဋိတ်သံပြုခြင်းဖြင့် သူ့ကို အံ့အား သင့်စေပါသည်။

သူမက ပျော်မြူးအားရစွာဖြင့် “အခုရှင် စာအုပ်ကို ရေးနိုင်ပြီပေါ့”ဟူ၍ ပြောလိုက်ပါသည်။ “ဟုတ်တယ်”ဟု ယောကျ်ားက ပြန်ပြော၍ ယုံကြည်မှု လျော့နည်းစွာဖြင့် “ငါဒီစာအုပ်ကို ရေးနေတဲ့အချိန်မှာ ငါတို့ ဘယ်လိုနေထိုင်ကြမလဲ?”ဟု ပြန်ပြောခဲ့ပါသည်။

သူ့အား တအံ့တသြဖြစ်စေရသည်မှာ သူမသည် အံဆွဲကိုဖွင့်လိုက်ပြီး ငွေအတော်များများကို ဆွဲထုတ်လိုက်ပါသည်။

“ဒါတွေကို မင်းဘယ်ကရတာလည်း” ဟု သူက အံ့အားသင့်စွာဖြင့် မေးပါသည်။

“ရှင်ဟာ ပါရမီထူးချွန်သူတစ်ဦးဖြစ်တယ်ဆိုတာကို ကျွန်မအမြဲတမ်းသိခဲ့ပါတယ်။”ဟု သူမက ပြောခဲ့ပါသည်။ “တစ်နေ့မှာ ရှင်ဟာ အပြောင်မြောက်ဆုံး ဝတ္ထုတစ်အုပ်ကို ရေးလိမ့်မယ်ဆိုတာ ကျွန်မသိတယ်။ ဒါကြောင့် အပတ်စဉ် ရှင်ကျွန်မကိုပေးတဲ့ အိမ်သုံးစရိတ်ထဲက ကျွန်မ နည်းနည်းစီစုခဲ့ပါတယ်။ ဒါကြောင့် ဒီမှာ ကျွန်မတို့အတွက် တစ်နှစ်စာ လုံလောက်တဲ့ငွေတွေရှိတယ်”။

သူမ၏ ယုံကြည်မှုနှင့် စိတ်ချရမှုမှ အမေရိကန် စာလောကတွင် အထူးချွန် အပြောင်မြောက်ဆုံးဝတ္ထုရှည်ဖြစ်သည့် " The Scarlet Letter" သည် ပေါ်ထွက်လာခဲ့ရပါသည်။

*Nido Qubein*

ဘဏ်လုပ်ငန်းရှင်တစ်ဦးသည် ဘဏ်၏ အပြင်ဘက်ရှိ လမ်းပေါ်တွင် ထိုင်နေသည့် ခြေထောက်မရှိသော သူတောင်းစား၏ ခွက်ထဲသို့ အမြဲတမ်း ငွေအကြွေစေ့ကို ပစ်ပေးလေ့ရှိပါသည်။ သို့သော်သူသည် လူအများနှင့်မတူဘဲ ထိုသူအား အမြဲတမ်း သူ့အနီးရှိ လှူထံမှ ခဲတံတစ်ချောင်း ဝယ်ခိုင်းပါသည်။ ဘဏ်လုပ်ငန်းရှင်းက “ခင်ဗျားဟာ ကုန်သည်တစ်ယောက်ဘဲ။ ကျွန်တော်ဟာ ကျွန်တော်နဲ့ စီးပွားရေးလုပ်တဲ့ ကုန်သည်တွေဆီက တန်ရာတန်ဘိုး ရရှိဖို့ အမြဲတမ်း မျှော်လင့်တယ်” ဟု ပြောတတ်သည်။ တစ်နေ့ ထိုခြေမရှိသည့်လူသည် ထိုလမ်းဘေးတွင် မရှိတော့ပေ။

အချိန်များစွာ ကုန်လွန်ခဲ့သည့်အလျောက် ဘဏ်လုပ်ငန်းရှင်က ထိုသူအား မေ့လျော့သွားခဲ့ရသည်မှာ တစ်နေ့ အများနှင့်ဆိုင်သည့် အဆောက်အဦးတစ်ခုအတွင်း ဝင်သွားခဲ့ရာ မသန်မစွမ်းများအတွက် အထူးအခွင့်အရေးပေးထားသည့်နေရာ၌ ထိုင်နေသော ထိုသူကို ပြန်တွေ့လိုက်ရသည့် အချိန်အထိပင်ဖြစ်သည်။ သူသည် သူ၏ ကိုယ်ပိုင်လုပ်ငန်းလေး၏ ပိုင်ရှင်ဖြစ်နေပြီဆိုကြောင်း မြင်သာပါသည်။

ထိုသူက “ခင်ဗျားတစ်နေ့မှာ ဒီကိုရောက်လာမယ်လို့ ကျွန်တော်အမြဲတမ်း မျှော်လင့်ခဲ့ပါတယ်”ဟု ပြောပါသည်။ “ ကျွန်တော်ဒီမှာ အခုလိုဖြစ်လာဖို့အတွက် ခင်ဗျားဟာ အဓိကအားဖြင့် တာဝန်ရှိသောသူဖြစ်ပါတယ်။ ခင်ဗျားက ကျွန်တော့်ကို မင်းဟာ ကုန်သည်တစ်ယောက်ဖြစ်တယ်ဆိုပြီးတော့ အမြဲတမ်းပြောခဲ့တယ်လေ။ ကျွန်တော်ဟာ သူတောင်းစားတစ်ယောက်အဖြစ်နဲ့ လက်ဆောင်တွေကို လက်ခံမဲ့အစား ကျွန်တော့်ကို ကျွန်တော် ဒီလမ်းအတိုင်း စတင်စဉ်းစားခဲ့ပါတယ်။ ကျွန်တော်ဟာ ခဲတံတွေကို စတင်ရောင်းချခဲ့တယ်။ အများစုက ခင်ဗျားပေးခဲ့တာပေါ့။ ခင်ဗျားဟာ ကျွန်တော့်ကို ကိုယ်သိက္ခာကို လေးစားပါလို့ ညွှန်ပြခဲ့တယ်။ ခင်ဗျားဟာ ကျွန်တော့်ကို ကျွန်တော် တမူထူးခြားစွာ ကြည့်မြင်တတ်စေခဲ့ပါတယ်။

*Rander Stanford*

စူဇန်၏ ကိုယ်ရေးကိုယ်တာ ပြဿနာများမှာ ကြီးမားလှသည်။ သူမသည် သူမ၏ အတိတ်ကာလမှ ခက်ခဲသော အကြောင်းကိစ္စများကို ကိုင်တွယ်ဖြေရှင်းနေရသည်။ သူမ၏ ခင်ပွန်းသည် သူမကို စိတ်ထိခိုက်ဖွယ် ကောင်းလောက်အောင် စွန့်ခွာခဲ့သည်။ မိသားစုသည်လည်း ငွေရေးကြေးရေးပြဿနာနှင့် ကြုံတွေ့နေခဲ့ရသည်။ ကိုယ့်ကိုယ်ကို သေကြောင်းကြံရန် စဉ်းစားနေသော်ငြားလည်း သူမသည် အလုပ်၌ အပြင်ပန်းတွင် ကောင်းစွာ ဟန်ဆောင်လျက် နေထိုင်လုပ်ကိုင်ခဲ့ပါသည်။

ထို့နောက်သူမအလုပ်ရှင်ထံမှ အောက်ဖော်ပြပါစာသားများကို လက်ရေးဖြင့် ရေးသားထားသည့် ခရစ္စမတ်ကဒ်တစ်ခုကို လက်ခံရရှိခဲ့ပါသည်။ “မင်းမရှိဘဲနဲ့ တို့တတွေ ဘာလုပ်ရမလဲဆိုတာကို မသိဘူး။ မင်းရဲ့ ကျွမ်းကျင်မှု အရည်အချင်းနဲ့ ကူညီဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။”

နောက်ပိုင်းတွင် သူမ မှတ်ချက် ချခဲ့သည်မှာ “ ကျွန်မ ဒီကဒ်ကို ဘောင်သွင်းပြီး မီးဖိုချောင်ထဲမှာ ထားလိုက်ပါတယ်။ ဒီကဒ်က “မင်းဟာ OK ပါဘဲ”ဟု ဖော်ပြတဲ့ လက္ခဏာနဲ့ တူပါတယ်။

ထို့ကြောင့် ထိုကဒ်ကို ပို့လိုက်ပါ။ ထိုမှတ်စုကို ရေးပါ။ သခင်ယေရှု၏ နာမ၌ အားပေးတိုက်တွန်းစကားကို ကမ်းလှမ်းပါ။ ဘုရားသခင် ညွှန်ပြသည့်အတိုင်း သူတစ်ပါးကို ချီးကျူးပါ။

ဤသို့ အားပေး မြင့်တင်ခြင်းဖြင့် တစ်စုံတစ်ယောက် လိုအပ်သော တွန်းအားကို သင်ပေးကမ်းလိုက်ခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

*David C.Enger*

“အချင်းချင်းတိုက်တွန်း၍ တစ်ယောက်ကိုတစ်ယောက် တည်ဆောက်ကြလော့”
သမ္မာကျမ်းစာ (၁သက် ၅း၁၁)

“သာယာသော စကားတို့သည် ပျားလဘို့ကဲ့သို့ဖြစ်၍ စိတ်ဝိညာဉ်ကို ချိုမြိန်လျက် ကိုယ် အရိုးကို ကျန်းမာစေလျက်ရှိကြ၏” (သုတ္တံ ၁၆း၂၁)

“သင်၏ မေတ္တာကိုဆောက်၍ ငါတို့သည် အလွန်ဝမ်းမြောက်ချမ်းသာခြင်းရှိ၏” (ဖိလေမုန် ၁း၇)

“ငါတို့အဘတည်းဟူသော ဘုရားသခင်နှင့် ငါတို့သခင်ယေရှုခရစ်သည် ကိုယ်တော်တိုင် သင်တို့ စိတ်နှလုံးကို သက်သာစေ၍ ကောင်းသောစကား၊ ကောင်းသောအမှုအမျိုးမျိုး၌ သင်တို့ကို မြဲမြံ စေတော်မူပါစေသော”။ (၂သက် ၂း၁၆-၁၇)